# ငွေပေးချေမှုများနှင့် အခကြေးငွေများဆိုင်ရာ စနစ် (SOPAF) မိသားစုများအတွက် အရင်းအမြစ်များ



ဤအရင်းအမြစ်သည် SOPAF ကို ပိုမိုကောင်းမွန်စွာ နားလည်ရန်နှင့် သေချာစဉ်းစားပြီး ဆုံးဖြတ်ချက်ချနိုင်ရန် မိသားစုများကို ကူညီပံ့ပိုးသည်။

## SOPAF ဆိုတာ ဘာလဲ။

SOPAF သည် System of Payments and Fees (ငွေပေးချေမှုများနှင့် အခကြေးငွေများဆိုင်ရာ စနစ်) ၏ အတိုကောက်ဖြစ်သည်။ SOPAF သည် Early Support for Infants and Toddlers (မွေးကင်းစနှင့် လမ်းလျှောက်တတ်စ ကလေးများအတွက် အစောပိုင်း ကူညီပံ့ပိုးမှု၊ ESIT) ဝန်ဆောင်မှုများအတွက် သင့်မိသားစုက မည်မျှပေးချေရမည်ကို ဆုံးဖြတ်ပေးသည်။ အကဲဖြတ်မှုများကဲ့သို့သော အချို့ဝန်ဆောင်မှုများသည် အမြဲတမ်း အခမဲ့ဖြစ်သည်။ အခြားဝန်ဆောင်မှုများအတွက် မိသားစုများသည် တချို့တစ်ဝက်ငွေပေးချေရန် တာဝန်ရှိနိုင်သည်။ သင်ပေးချေရမည့်ပမာဏသည် အာမခံ၊ မိသားစုအရွယ်အစား၊ ဝင်ငွေနှင့် သင့်ကလေးလက်ခံရရှိသည့် ဝန်ဆောင်မှုများ အပေါ် မူတည်သည်။

သင့်တွင်ရှိသော အာမခံအမျိုးအစားအတွက် SOPAF ဖောင်များကို ဖြည့်စွက်ရန် သင့်အား တောင်းဆိုပါမည်။ သင့်အာမခံမှ ငွေတောင်းခံရန်အတွက် သင်၏ပံ့ပိုးသူကို သဘောတူခွင့်ပြုချက်ပေးရန် သင့်အား တောင်းဆိုပါမည်။ အာမခံမှ ငွေတောင်းခံခြင်းဖြင့် သင်၏ပံ့ပိုးသူအတွက် ဝန်ဆောင်မှုများပေးခြင်း၏ ကုန်ကျစရိတ်တချို့တစ်ဝက်ကို ကာမိနိုင်ပါသည်။ သင့်အာမခံအသုံးပြုခွင့်ကို ငြင်းပယ်ပါက သင်သည် လစဉ်ကြေး ပေးဆောင်ရနိုင်သည်။



## အာမခံအမျိုးအစားများ

### အစိုးရ

အာမခံအသုံးပြုခွင့်ကို သင်ငြင်းပယ်ထားသည့်တိုင် သင့်တွင် Apple Health ရှိပါက ဝန်ဆောင်မှုများသည် အမြဲတမ်း အခမဲ့ဖြစ်ပါမည်။ သင့်တွင် Child Health Insurance Program (ကလေးကျန်းမာရေးအာမခံပရိုဂရမ်၊ CHIP) ရှိပြီး အာမခံအသုံးပြုခွင့်ကို သင်ငြင်းပယ်ထားပါက လစဉ်ကြေးပေးဆောင်ရနိုင်ပါသည်။ သင်၏ လစဉ်ကြေးသည် သင့်မိသားစုအရွယ်အစားနှင့် သင့်အိမ်ထောင်စုဝင်ငွေအပေါ် မူတည်ပါမည်။

### ပုဂ္ဂလိက

သင့်တွင် ပုဂ္ဂလိကအာမခံ သို့မဟုတ် TRICARE ရှိပါက သင်၏ စရိတ်မျှခံငွေများနှင့် နုတ်ဖြတ်ငွေများကို ပေးဆောင်ရန် သို့မဟုတ် (ဝန်ဆောင်မှုများ၏ အမှန်တကယ် ကုန်ကျစရိတ်ထက် ဘယ်တော့မှ မပိုသော) လစဉ်ကြေးကို ပေးဆောင်ရန် ရွေးချယ်နိုင်ပါသည်။ သင့်ဝန်ဆောင်မှု ညှိနှိုင်းရေးမှူးက အကောင်းဆုံးဖြစ်မည့်အရာကို ရွေးချယ်ဆုံးဖြတ်ရန် သင့်အား ကူညီပေးနိုင်ပါသည်။ အာမခံအသုံးပြုခွင့်ကို သင်ငြင်းပယ်ထားပါက သင့်မိသားစုအရွယ်အစားနှင့် သင့်အိမ်ထောင်စုဝင်ငွေအပေါ်မူတည်၍ လစဉ်ကြေးကို ပေးဆောင်ရပါမည်။

### အစိုးရနှင့် ပုဂ္ဂလိက

သင့်မိသားစုတွင် Apple Health နှင့် ပုဂ္ဂလိက အာမခံရှိပါက စရိတ်မျှခံငွေများ သို့မဟုတ် နုတ်ဖြတ်ငွေများကို ပေးဆောင်ရမည်မဟုတ်ပါ။

### အာမခံမရှိသော သို့မဟုတ် အာမခံအသေးစိတ်အချက်အလက်များကို ပေးမထားသော မိသားစုများ

သင့်မိသားစုတွင် အာမခံမရှိပါက သို့မဟုတ် အာမခံအသေးစိတ်အချက်အလက်များကို သင်မမျှဝေထားပါက သင့်မိသားစုအရွယ်အစားနှင့် သင့်အိမ်ထောင်စုဝင်ငွေအပေါ် မူတည်၍ သင့်အား လစဉ်ကြေးကောက်ခံသွားပါမည်။ သင့်ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို မျှဝေရန် သင်ငြင်းဆိုပါက သင့်မိသားစုအရွယ်အစားအတွက် အမြင့်ဆုံး ငွေပေးချေမှုအဆင့်တွင် သင့်အား ထားရှိပါမည်။

Washington State Department of
CHILDREN, YOUTH & FAMILIES

## ငွေပေးချေနိုင်စွမ်း

သင့်မိသားစုတွင် ပုဂ္ဂလိကအာမခံ သို့မဟုတ် TRICARE ရှိပါက "ငွေပေးချေနိုင်စွမ်း" ဆုံးဖြတ်ချက်ကို ချမှတ်ပေးစေရန် သင်ရွေးချယ်နိုင်သည်။ သင့်ဝင်ငွေကို Federal Poverty Limit (ဖက်ဒရယ် ဆင်းရဲနွမ်းပါးမှုအဆင့် ကန့်သတ်ချက်၊ FPL) နှင့် နှိုင်းယှဉ်ပါမည်။ သင့်ဝင်ငွေသည် FPL ၏ 200% အောက်ဖြစ်ပါက ဝန်ဆောင်မှုများသည် အခမဲ့ဖြစ်ပါမည်။ သင့်ဝင်ငွေသည် 200% အထက်ဖြစ်ပါက သင့်စရိတ်မျှခံငွေများနှင့် နုတ်ဖြတ်ငွေများကို ပေးဆောင်ရန် သို့မဟုတ် လစဉ်ကြေးကို ပေးဆောင်ရန် သင်ရွေးချယ်နိုင်သည်။ "ငွေပေးချေနိုင်စွမ်း" သည် ဆန္ဒအလျောက၊ အချိန်မရွေး တောင်းဆိုနိုင်သည့် ဆုံးဖြတ်ချက်ဖြစ်သည်။

## ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာ အချက်အလက်

သင့်မိသားစုသည် စရိတ်မျှခံငွေများနှင့် နုတ်ဖြတ်ငွေများကို ပေးချေပါက ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို မလိုအပ်ပါ။ သင့်မိသားစုသည် လစဉ်ကြေးပေးဆောင်ပါက သို့မဟုတ် "ငွေပေးချေနိုင်စွမ်း" ကို ဆုံးဖြတ်နေသည့်အခါ သို့မဟုတ် အခက်အခဲကြောင့် ကင်းလွတ်ခွင့်ပေးမှု တောင်းဆိုထားသည့်အခါ ဝင်ငွေနှင့် အသုံးစရိတ်ဆိုင်ရာ အသေးစိတ်အချက်အလက်များကို လိုအပ်သည်။

## အခက်အခဲကြောင့် ကင်းလွတ်ခွင့်ပေးမှု

သင့်မိသားစုသည် သင်၏ စရိတ်မျှခံငွေများ၊ နုတ်ဖြတ်ငွေများ သို့မဟုတ် လစဉ်ကြေးကို ပေးဆောင်ရန် တတ်နိုင်စွမ်းမရှိပါက အခက်အခဲကြောင့် ကင်းလွတ်ခွင့်ပေးမှုကို သင်တောင်းဆိုနိုင်သည်။ သင့်ဝန်ဆောင်မှု ညှိနှိုင်းရေးမှူးသည် ကင်းလွတ်ခွင့်ပေးမှု တောင်းဆိုချက်ကို ဖြည့်စွက်ရာတွင် သင့်အား ကူညီပေးမည်ဖြစ်ပြီး သင်၏ပံ့ပိုးသူသည် သင့်တောင်းဆိုချက်ကို ပြန်လည်သုံးသပ်ပါမည်။ ကင်းလွတ်ခွင့်ပေးမှုကို အတည်ပြုပါက သင့်မိသားစုသည် ဝန်ဆောင်မှုများကို အခမဲ့ လက်ခံရရှိပါမည်။ ကင်းလွတ်ခွင့်ပေးမှုကို ငြင်းပယ်ပါက သင့်စရိတ်မျှခံငွေများ၊ နုတ်ဖြတ်ငွေများ သို့မဟုတ် လစဉ်ကြေးများကို ပေးချေရန် သင့်တွင် တာဝန်ရှိပါမည်။ ကင်းလွတ်ခွင့်ပေးမှုကို အချိန်မရွေး တောင်းဆိုနိုင်ပြီး ၎င်းအတွက် "ငွေပေးချေနိုင်စွမ်း" ဆုံးဖြတ်ချက် လိုအပ်ပါသည်။

## ဖောင်ပုံစံများကို မည်မျှမကြာမကြာ ဖြည့်စွက်ရသနည်း

SOPAF ဖောင်ပုံစံများကို နှစ်စဉ်နှင့် ဝန်ဆောင်မှုများမစတင်မီ မိသားစုအားလုံးက ဖြည့်စွက်ရပါမည်။ ပုဂ္ဂလိကအာမခံ သို့မဟုတ် TRICARE ရှိသည့် မိသားစုများအတွက် သင့်မိသားစုပေးချေရမည့်ပမာဏအပေါ် သက်ရောက်မှုရှိသည့် ပြောင်းလဲမှုတစ်စုံတစ်ရာရှိတိုင်း ဖောင်ပုံစံများကို အပ်ဒိတ်လုပ်ပါမည်။

## ပေးချေရန် ပျက်ကွက်မှုများ

သင်ပေးရန်ရှိသည်များကို ပေးချေရန် အရေးကြီးပါသည်။ သင့်မိသားစုအနေဖြင့် မပေးချေနိုင်ပါက "ငွေပေးချေနိုင်စွမ်း" ဆုံးဖြတ်ချက်နှင့် လိုအပ်ပါက အခက်အခဲကြောင့် ကင်းလွတ်ခွင့်ပေးမှုကို ဖြည့်စွက်ရန် သင့်ဝန်ဆောင်မှု ညှိနှိုင်းရေးမှူးကို ဆက်သွယ်ပါ။ ပေးချေရမည့်ရက်ထက် ရက် 90 ကျော်လွန်သွားပါက ဝန်ဆောင်မှုများကို ရပ်ဆိုင်းနိုင်သည်။ ရက်လွန်နေသော ကြွေးကျန်များကို ငွေကောက်ယူရေး အေဂျင်စီထံသို့ တာဝန်လွှဲပေးနိုင်သည်။

### နောက်ထပ်အချက်အလက်များအတွက်

SOPAF မူဝါဒ၊ ဖောင်ပုံစံများနှင့် အခကြေးငွေဇယားကို သင့်ဝန်ဆောင်မှု ညှိနှိုင်းရေးမှူးထံမှ တောင်းဆိုနိုင်သည်။ ၎င်းတို့ကို ESIT ဝဘ်ဆိုက်ဖြစ်သော **https://dcyf.wa.gov/services/child-dev-support-providers/esit/forms-publications** ရှိ "ငွေပေးချေမှုများနှင့် အခကြေးငွေများဆိုင်ရာ စနစ် မူဝါဒနှင့် ဆက်စပ်စာရွက်စာတမ်းများ" အောက်တွင်လည်း ရရှိနိုင်ပါသည်။

ဤစာစောင်၏ မိတ္တူများကို အခြားပုံစံ သို့မဟုတ် ဘာသာစကားဖြင့် အခမဲ့ ရယူလိုပါက *DCYF* အဖွဲ့အစည်းဆိုင်ရာ ဆက်ဆံရေး၏ ဖုန်းနံပါတ် *1-800-723-4831* သို့ ဆက်သွယ်ပါ သို့မဟုတ် ***communications@dcyf.wa.gov*** သို့ အီးမေးလ်ပို့ပါ။

DCYF PUBLICATION FS_0091 BS (12-2025) Burmese